# June 3, 1966

## အမှတ်စဉ် (၈)

TIME INTERNATIONAL MAGAZINE
**Vol. 87 No. 22**

## မန္တလေး မှ အပြန်

မြန်မာပြည်ကအာဏာရှင်နေဝင်းမှသူ့နိုင်ငံကိုတိုင်းခြားက ဩဇာ လွှမ်းမိုးမှုမှ "သန့်စင်နိုင်ရန်"ဆို သော မူဝါဒ အရ နိုင်ငံခြားသားများဖြစ်ကြ တဲ့စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းဆ ရာ များနဲ့ သတင်းစာဆရာတွေကိုတိုင်း ပြည် က နေ ဖယ်ရှား မောင်းထုတ်ခဲ့ပြီး ပါပြီ၊ အခုအခါကတော့ သာသနာ ပြုအဖွဲ့ တွေရဲ့ အလှည့်ရောက်လာပါတယ်။ ဒီအ ပါတ်ထဲမှာ မြန်မာလူမျိုးမဟုတ်တဲ့ ပရို တက်(စ်)တင့် ဘုန်းတော်ကြီးတွေသူတို့ရဲ့နေထိုင်ခွင့် ဗီဇာကုန်ဆုံးတာနဲ့ တိုင်းပြည်က နေထွက် ခွာပေးကြရပါလိမ့်မယ်။ နှစ်ကုန်ဆုံးတာနဲ့ နိုင်ငံခြားမှာမွေးဖွားခဲ့တဲ့ရိုမာန်ကက်သလစ် ဘုန်းတော်ကြီးများနဲ့ သီလရှင်များအားလုံးကို တိုင်းပြည်ကနေအတင်းအကျပ် ထွက်ခွာခိုင်းခြင်း ခံရဘို့ရှိနေပါတယ်။



၁၆ ရာစုနှစ်အတွင်းကကက်သလစ်မစ်ရှင် အဖွဲ့အနေနဲ့ မြန်မာပြည်မှာခရစ်ယာန်ဘာသာဝင်အဖြစ်ပြောင်းလဲမှုတွေရရှိအောင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိပဲ အချည်းနှီး ဖြစ်ခဲ့ရပါတယ်။ ၁၇၂၂ ကျမှ အီတလီ မှစိန့်ဘာနာဘ(စ်)ဂိုဏ်း ဝင် ဘုန်းတော်ကြီး ၂ပါးမှအင်းဝနှင့်ပဲခူးတို့တွင်သာသနာပြုလုပ်ငန်းများ လှည့်လည်ပြုလုပ်သည့်အခါတွင်မှမြန်မာပြည်၌ ခရစ်ယာန် ဝါဒ ခြေကုတ်ရလာခဲ့ခြင်းဖြစ်ပါတယ်။ ၁၈၀၇ ခုနှစ်တွင်ပထမဆုံး သောပရိုတက်(စ်)တင့်သာသနာပြုအဖွဲ့ မြန်မာပြည်သို့ စတင် ရောက်ရှိလာခဲ့ပါတယ်။

နောက်ပိုင်း ၆ နှစ်ကြာမှ ရောက်ရှိလာသူမှာ အမေရိကန်လူမျိုး ဘက်(ပ်)တစ်(စ်) ဂိုဏ်းမှ အဒွေန်နီယံ ဂျပ်ဆင်ဆိုသူဖြစ်ပါတယ်။ နောက်ပိုင်းတွင်မြန်မာပြည်၏ ပထမဆုံးသော ခရစ်ယာန် သာ သနာပြု အဖွဲ့၏ ခေါင်းဆောင် (Apostle of Burma) အဖြစ် လည်းထင်ရှားလာသူဖြစ်သည်။ မက်ဆာချူးဆက်ပြည်နယ် တွင်မွေးဖွားလာခဲ့ပြီး မြန်မာပြည်တွင်၃၇ နှစ်ကြာ နေထိုင်ခဲ့သူ ဖြစ်သည်။ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲ (၁၈၂၄–၂၆)တွင် ထိပ် တုံးဖြင့် ထောင်ထဲတွင် ၁၇ လကြာ အကျဉ်းကျခဲ့ဘူး သည်။ ဂျပ်ဆင်သည် သမ္မာကျမ်းစာကို ပထမဆုံး မြန်မာဘာသာ သို့ ပြန်ဆိုခဲ့သူလည်းဖြစ်ပါတယ်။

ခရစ်ယာန်ဘာသာဟာ မြေပြန့်ပိုင်းတွင်ရှိ မြန်မာ ဗုဒ္ဓဘာသာ များကြားတွင်သိသိသာသာအောင်မြင်မှုမရရှိခဲ့သဖြင့်၊ သာသ နာပြုအဖွဲ့များသည် ဝိညာဉ်ကိုအများစုကိုးကွယ်ကြတဲ့တောင် တန်းဒေသရှိ တိုင်းရင်းသားလူမျိုးများကြားတွင် အစိက အာရုံ ထားဆောင်ရွက်လာခဲ့ကြတာတွေ့ခဲ့ရပါတယ်။ အခုဆိုရင် လူဦးရေ ၂၄ သန်းရှိတဲ့မြန်မာပြည်မှာ ခရစ်ယာန်ဘာသာဝင် ၆ သိန်းလောက်ရှိနေ ပြီ ဖြစ်ပြီး၊ တဝက်လောက်က ဘက်(ပ်)တစ်(စ်) တွေဖြစ်ကြပါတယ်။

နေဝင်းရဲ့ ဗဟိုကချုပ်ကိုင်ထားတဲ့ အုပ်ချုပ်မှုပုံစံ ကို တောင်တန်းသားများက ပွင့်ပွင့်လင်းလင်းပဲ ရန်လုပ်လျှက်ရှိနေတာကြောင့် သာသနာပြုအဖွဲ့ တွေဟာ မကြာခဏဆိုသလိုပဲ တောင်တန်းသား သဘောကွဲလွဲသူတွေနဲ့ ပေါင်းတယ်ဆိုပြီးအာ ဏာပိုင်တွေရဲ့သံသယဖြစ်ခြင်းကိုခံရပါတယ်။

ဘုန်းတော်ကြီးတွေအနေနဲ့က မိမိတို့ ကြားနေကြောင်း ကန့် ကွက်ပြောဆိုမှုတွေလည်း ရှိပါတယ်။ ပြီးတော့ မြန်မာနိုင်ငံအ နေနဲ့ဘာသာရေးလွတ်လပ်ခွင့် ရှိပါတယ်လို့လည်း ပြောထား ပြီးပါပြီ၊ ဒီကြားထဲကမှ သာသနာပိုင်ပစ္စည်းတွေကို လျော်ကြေး ပေးခြင်းမရှိပဲ၊ မနှစ်က ပြည်သူပိုင်သိမ်းခဲ့ကြပါတယ်။ ကယ်တင် ရေးတပ်က အလုပ်သမားတယောက်ကို ပြောခဲ့တာကတော့ "ဘယ်အချိန်မှာအိမ်ပြန်သင့်လည်းဆိုတဲ့ ညွှန်ကြားချက်တစ် ယောက်ရဲ့တာဝန်ဆိုတာကို ပျက်ကွက်ခဲ့ကြတယ်" လို့ ဆိုပါ တယ်။

ဒုတိယ ကမ္ဘာစစ်အတွင်း မြန်မာပြည်ကို ဂျပန်တွေ သိမ်းပိုက် ထားစဉ်အတွင်း၊ ဘုရားရှစ်ခိုးကျောင်းများဖွံ့ဖြိုးစည်ပင်ခဲ့ကြ တာတွေကြောင့် သာသနာပြုအဖွဲ့လက်ဟောင်းကြီးတွေက ခရစ်ယာန်ဘာသာကို ပြောင်းလဲဝင်ရောက်လာပြီးဖြစ်တဲ့ ခေါင်းဆောင်ပိုင်းတွေက (သူတို့အထဲမှာ ဘက်(ပ်)တစ်(စ်) ဘုန်းတော်ကြီး ၇၅၀ခန့် ရှိပြီးဖြစ်ပါတယ်)အောင်မြင်စွာ ဆက် လက်ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မှုတွေရှိထားကြ ပါတယ်။ ငယ်ရွယ်တဲ့ကျမ်းဆရာပိုင်းကတော့ ဒီကိစ္စဟာ မရေ

ရာဘူးလို့ပြောနေကြပေမယ့်  ရှိမာန်ကက်သလစ် တွေကတော့ လုံးဝကို အဆိုးမြင်နေကြတဲ့ အပိုင်းမှာရှိနေကြပါတယ်။

မြန်မာပြည်က ဂိုဏ်းချုပ်ဘုန်းတော်ကြီး ၈ ပါးထဲမှာ ၅ ဦးက ကက်သလစ်တွေဖြစ်ပြီး၊ ကက်သလစ်ဘုန်းတော်ကြီးတဝက် ကျော်ကျော်လောက်က နိုင်ငံခြားမှာမွေးဖွားခဲ့ သူများဖြစ်ကြပါတယ်။ အခုလောလောဆယ်မှာတော့ကောလိပ်အဆင့် ကျမ်းစာသင်ကျောင်းတစ်ခုသာရှိသေးပြီး ဝန်ထမ်းအင်အားမလုံလောက်သေးတာတွေ့ရပါတယ်။